# ကလေးအရွယ် အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ (နယူမိုကိုကယ်ရောဂါ)

Burmese

အမျိုးသားကာကွယ်ဆေးထိုး အစီအစဉ်သည် အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ ကာကွယ်ဆေးကို အသက် 2 လ၊ 4 လနှင့် 12 လအရွယ် နို့စို့ကလေးများ အားလုံးကို အခမဲ့ ထိုးနှံပေးပါသည်။ ပြင်းထန်သော ကျန်းမာရေး အခြေအနေရှိ အသက် 5 နှစ်အောက် ကလေးငယ်များသည်လည်း အဆုတ် အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ ကာကွယ်ဆေးကို အပိုထပ်ဆောင်း ထိုးနှံရန်လည်း လိုအပ်နိုင်သည်။

## အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ

ကလေးငယ်များတွင် ဖြစ်ပွားသော အဆုတ်အအေးမိ ဦးနှောက် အမြှေးပါးရောင် ရောဂါသည် သွေးပိုးကပ်ကူးစက်ခြင်းနှင့် သေဆုံးသည်အထိ ဖြစ်စေနိုင်သော ပြင်းထန်နာမကျန်းမှုများကို ဖြစ်စေနိုင်ပါသည်။ ပြင်းထန်သော ရောဂါ ရှိသည့် ကလေးငယ်တစ်ဦးသည် အသက် အန္တရာယ်ရှိစေနိုင်သည့် ကူးစက်ပိုး ဝင်ခြင်းနှင့် ဆေးရုံတက်ရခြင်းများ ဖြစ်နိုင်သည့် အလားအလာများသည်။

လူအများစုသည် စထရက်တိုကောကပ်စ် နမိုးနီး ဘက်တီးရီးယား [Streptococcus Pneumoniae] ကို နှာခေါင်းနှင့် လည်ချောင်း မှတစ်ဆင့် သယ်ဆောင်ကြသည်။ ဘက်တီးရီးယားပိုးများသည် ချောင်းဆိုး နှာချေခြင်း စသည့် ပါးစပ်နှင့် နှာခေါင်းတို့မှ ထွက်သည့် အရည်စက်များမှတစ်ဆင့် ပျံ့နှံ့ပါသည်၊ သို့မဟုတ် ၎င်းအရည်စက် ကပ်ပါ နေသည့် ပစ္စည်းများကို ကိုင်တွယ်ထိတွေ့ခြင်းဖြင့်ပျံ့နှံ့ပါသည်။

အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင် ရောဂါကူးစက်မှုသည် ကိုယ်ခန္ဓာ အစိတ်အပိုင်း အမျိုးမျိုးကို ကူးစက်စေပါသည်။ ဥပမာ -

- အကယ်၍ အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ ဘက်တီးရီးယားပိုးသည် သွေးကြောအတွင်း ဝင်ရောက်လျှင် ၎င်းကို ဘက်တီးရားမီးယား ဟုခေါ်သည်။
- အကယ်၍ ဦးနှောက်၏သီးခြားအစိတ်အပိုင်းကို ကူးစက်လျှင် ၎င်းကို မင်နင်ဂျိုင်းတစ် ဟုခေါ်သည်။
- အကယ်၍ အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ ဘက်တီးရီးယားပိုးသည် အဆုတ်ကို ကူးစက်လျှင် ၎င်းကို အဆုတ်အအေးပတ်ရောဂါ (pneumonia) ဟုခေါ်သည်။
- အကယ်၍ နားတွင်းအလယ်ပိုင်းကို ကူးစက်လျှင် ၎င်းကို အိုတိုင်းတစ် မီဒီယာ ဟုခေါ်သည်။

## အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ ကာကွယ် ဆေးများ

ကလေးများအတွက် ကာကွယ်ဆေးသည် ပြင်းထန် အဆုတ်အအေးမိ ဦးနှောက် အမြှေးပါးရောင် ရောဂါ၏ 90 ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ကြောင်း ပြထားပါသည်။ သို့သော် ပြင်းထန် အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင် ရောဂါ အမျိုးပေါင်း 90 ကျော်အထိ ရှိပါသည်။ အဆုတ်အအေးမိ ဦးနှောက်အမြှေးပါး ရောင်ရောဂါ ကာကွယ်ဆေး တစ်မျိုးသည် ပြင်းထန်သည့် အဆုတ်အအေးမိ ဦးနှောက် အမြှေးပါး ရောင်ရောဂါ ဖြစ်ပွားမှုများ၏ 80 ရာခိုင်နှုန်းမှ 90 ရာခိုင်နှုန်းအထိ ကာကွယ်ပေးပါသည်။ အကယ်၍ ကလေးတွင် ရောဂါ တစ်ခုခု ရှိနေလျှင်၊ အသက်အရွယ်ကြီးသော ကလေးများအတွက် သင့်တော်သည့် အခြား အဆုတ် အအေးမိ ဦးနှောက် အမြှေးပါးရောင် ရောဂါ ကာကွယ်ဆေးတစ်မျိုးကို ထိုးပေးပါသည်၊ ၎င်းတွင် အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ ကူးစက်မှုကို ကာကွယ်ရန် ပိုမိုသော ပိုးအမျိုးအစားများအတွက် ပါဝင်သည်။ ကာကွယ်ဆေးများတွင် ကိုယ်ခံစွမ်းအား တုံ့ပြန်မှုကို လှုံ့ဆော်ရန်အတွက် ရှင်သန်မှု မရှိသော အဆုတ်အအေးမိ ဦးနှောက် အမြှေးပါးရောင်ရောဂါ ဘက်တီးရီးယားပိုး အမျိုးအစားအချို့ ပါဝင်သည်။

## အခမဲ့ကာကွယ်ဆေးကို မည်သူများ ထိုးနှံနိုင်ပါသနည်း။

- အသက် 2 လ၊ 4 လနှင့် 12 လအရွယ် နို့စို့ကလေးငယ်များအားလုံး
- အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ ကူးစက်နိုင်ခြေမြင့်မားစေသည့် ပြင်းထန်သော ကျန်းမာရေးအခြေအနေရှိသည့် အသက် ငါးနှစ် အရွယ်ထိ ကလေးငယ်များ။ ဤကလေးငယ်များသည် အသက် ခြောက် လနှင့် အသက် လေးနှစ်မှ ငါးနှစ် အရွယ်များတွင် အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းပမာဏများ ထိုးပေးရန်လိုအပ်သည်။

အောက်ပါတို့ကဲ့သို့ ပြင်းထန် ကျန်းမာရေးအခြေအနေများကို ဆွေးနွေးရန် သင့် ဆရာဝန်နှင့် ကျေးဇူးပြု၍ ဆွေးနွေးပါ -

- HIV ကူးစက်မှု
- သွေးကင်ဆာများ
- အဆုတ်နာ (cystic fibrosis)
- ကျောရိုးမကြီးအတွင်းမှ အရည်ကြည်ယိုစိမ့်မှု (CSF leak)
- ဦးနှောက်တွင်းမှ အရည်လမ်းလွှဲပေးခြင်း
- နားကြားကိရိယာ ထည့်ခြင်း
- နာမကျန်းမှု၊ ဆေးဝါးသုံးစွဲမှု သို့မဟုတ် ကုထုံးကြောင့် ဖြစ်သော ကိုယ်ခံအား ကျဆင်းမှု
- သရက်ရွက်၏ လုပ်ဆောင်နိုင်စွမ်း ချွတ်ယွင်းမှု သို့မဟုတ် သရက်ရွက်မရှိခြင်း
- ဒေါင်းစင်ထရုန်း
- ကိုယ်ဝန် 28 ပတ်အောက်ကာလတွင် မွေးဖွားလာသည့် ကလေးငယ်များအားလုံး
- နာတာရှည်ရောဂါများဖြစ်သည့် နလုံး၊ အဆုတ်၊ ကျောက်ကပ်နှင့် ဆီးချို

## အဆုတ်အအေးမိ ဦးနှောက်အမြှေးပါးရောင်ရောဂါ ကာကွယ်ဆေး၏ ဖြစ်နိုင်သော ဘေးထွက်ဆိုးကျိုးများ

### အဖြစ်များသည့် ဘေးထွက်ဆိုးကျိုးများ

- အပ်ထိုးရာနေရာတွင် နာခြင်း၊ နီခြင်းနှင့် ရောင်ခြင်း
- အနည်းငယ် ကိုယ်အပူချိန်တက်ခြင်း

## အလွန်တရာ ရှားပါးသော ဘေးထွက်ဆိုးကျိုး

- ပြင်းထန်သည့် ဓာတ်မတည့်မှု

အကယ်၍ ဓာတ်မတည့်မှု အပျော့စား ဖြစ်ပွားလျှင် အောက်ပါတို့ ပြုလုပ်ခြင်းဖြင့် ဘေးထွက်ဆိုးကျိုးများကို လျော့နည်းစေနိုင်သည် -

- နာကျင်သည့် အပ်ထိုးရာနေရာပေါ်တွင် အေး၍ စိုစွတ်သော အဝတ်ဖြင့် ဖိပေးခြင်း
- သင့်ကလေးအား အဝတ်အစား ထူထူ မဝတ်ပေးခြင်း
- မအီမသာဖြစ်ခြင်းနှင့်/သို့မဟုတ် အဖျားကြီးခြင်းများ သက်သာစေရန် ပါရာစီတမော တိုက်ရန် လိုအပ်နိုင်သည် (မှန်မှန်ကန်ကန် သုံးစွဲမိစေရန် တံဆိပ်ကို စစ်ဆေးပါ)
- သင့်ကလေးကို အရည်များများ တိုက်ခြင်း

ဓာတ်မတည့်မှုများ ဆိုးဝါးလာခြင်း သို့မဟုတ် ဆက်လက်ဖြစ်ပေါ်နေခြင်းများ ဖြစ်ပါက သို့မဟုတ် သင့်ကလေးအတွက် စိုးရိမ်ပါက သင့် ဆရာဝန် သို့မဟုတ် ဆေးရုံကို ဆက်သွယ်ပါ။

## ကာကွယ်ဆေးမထိုးမီ စစ်ဆေးရမည့် စာရင်း

သင့်ကလေးအား ကာကွယ်ဆေးမထိုးမီ ကလေးတွင် အောက်ပါအခြေအနေများရှိပါက ဆရာဝန် သို့မဟုတ် သူနာပြုအား ပြောပြပါ -

☐ ကာကွယ်ဆေးထိုးသည့်နေ့တွင် နေထိုင်မကောင်းဖြစ်ခြင်း

☐ ကာကွယ်ဆေးတစ်ခုခုနှင့် လွန်ကဲသော ဓာတ်မတည့်မှုရှိခြင်း

☐ ကာကွယ်ဆေး ပါဝင်ပစ္စည်းတစ်ခုခုနှင့် ဓာတ်မတည့်မှု ဖြစ်ခြင်း

## ထပ်ဆင့်အချက်အလက်များ

ပိုမိုသိရှိလိုပါက www.betterhealth.vic.gov.au တွင် 'ကလေးသူငယ် ကာကွယ်ဆေးထိုးနှံမှု' ကို ရှာဖွေကြည့်ရှုပါ

ဤစာစောင်အတွက် ဘာသာပြန်ထားသည့် မူများကို www.healthtranslations.vic.gov.au တွင် ကြည့်ပါ

နိုင်ငံတော် ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်အကြောင်း သိရှိလိုပါက www.immunise.health.gov.au/ တွင် ဝင်ရောက်ကြည့်ရှုပါ

©ကျန်းမာရေးဌာန မူပိုင်ခွင့် 2010 ဗစ်တိုးရီးယားပြည်နယ် အစိုးရ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်သည်၊ 50 Lonsdale Street, Melbourne.
2018 ခုနှစ်၊ အောက်တိုဘာလ PH616

Interpreter

**Translating and interpreting service**
**Call 131 450**